**၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေပုဒ်မ-၃၀(က)(ခ)အရ အခြားနည်းအသုံးပြုရန်**
**အတွက်လျှောက်ထားမှုနှင့်စပ်လျဉ်း ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ**

**၁။ လျှောက်ထားခြင်း**

(က) ကာယကံရှင်များမှ အောက်ပါပုံစံများအားဖြည့်စွက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီးဌာနသို့ လျှောက်ထားရပါမည်-

(၁) လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့်လျှောက်လွှာပုံစံ(၁၄) (**ပူးတွဲ-၁**)

(၂) သက်သေခံမြေပုံမြေစာရင်းပုံစံ(၁၀၅)(မူရင်း+မိတ္တူ)(၂)ပုံ

**၂။ စိစစ်ခြင်း**

(က) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက လယ်ယာမြေနည်းဥပဒေ အပိုဒ် (၈၃၊ ၈၄၊ ၈၅)နှင့်အညီ အောက်ပါအချက်အလက်များပါဝင်မှု ရှိ/မရှိ စိစစ်ပြီး လုပ်ငန်းစာတွဲဖွင့်လှစ်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ တင်ပြရမည်-

(၁) ပတ်ဝန်းကျင်ပြမြေပုံ(၁)ပုံ

(၂) Site Plan

(၃) မှတ်ပုံစာရင်း (၁-ခ) (**ပူးတွဲ-၂**)

(၄) လျှောက်ထားသည့် လယ်ယာမြေ၏ အကြောင်းအရာဖော်ပြသော စာရင်း(၁) သို့မဟုတ် စာရင်း(၂)

(၅) ဦးပိုင်တစ်ခု၏ ရာဇဝင် မြေစာရင်းပုံစံ(၁၀၆)

(၆) လျှောက်ထားမြေပိုင်ဆိုင်မှုအထောက်အထား

(၇) လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) (**ပူးတွဲ-၃**) မိတ္တူ (သို့မဟုတ်) ပုံစံ(၇)မရသေးကြောင်း ထောက်ခံချက်

(၈) လျှောက်ထားသည့်လုပ်ငန်းအမျိုးအစားအလိုက် လုပ်ငန်းစီမံချက်

(၉) ကောင်းကင်ဓါတ်ပုံ (Google Map)

(၁၀) လျှောက်ထားသည့်မြေနေရာ၏ အနားလေးရပ်ဓါတ်ပုံ

(၁၁) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကဒ်မိတ္တူ(၁)စောင်

(၁၂) လျှောက်ထားသူ၏ အိမ်ထောင်စုဇယားမိတ္တူ(၁)စောင်

(၁၃) ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

(၁၄) လျှောက်ထားသူနှင့်နယ်လေးရပ်တောင်သူများ၏ ထွက်ဆိုချက်များ

(၁၅) အဆောက်အဦဆောက်လုပ်ပြီးပါက ဆောက်လုပ်သည့်ခုနှစ်၊ အဆောက်အဦအမျိုးအစား

(၁၆) ဆိုင် (ပစ္စည်းအမျိုးအစား)၊ ဂိုဒေါင် (သီးနှံအမျိုးအစား)၊ ဆန်စက် (တန်မည်မျှကျ)၊ ငါးကန် (ကန်အရေအတွက်နှင့်ကေပမာဏ)၊

(၁၇) မြေယာပြဿနာအရှုပ်အရှင်း ရှိ/မရှိ

(၁၈) Bank Statement

(၁၉) City Plan, Town Plan တွင် ပါဝင်မှု ရှိ/မရှိ

(၂၀) အစိုးရဌာနများမှ လျှောက်ထားခြင်းဖြစ်ပါက ဝန်ကြီးဌာန၏ သဘောတူညီကြောင်း ထောက်ခံချက်၊ ရန်ပုံငွေရရှိမှုအခြေအနေ အထောက် အထား

(၂၁) တပ်ရင်းတပ်ဖွဲ့များမှ လျှောက်ထားသည့်ကိစ္စဖြစ်ပါက သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတဆင့် ကာကွယ်ရေးဝန်ကြီးဌာန၏ သဘောတူညီချက်၊

(၂၂) ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်

(၂၃) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနမှူး၏ သဘောထား မှတ်ချက်

(၂၄) စိစစ်ချက်အကျဉ်းချုပ်

(ခ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေနည်းဥပဒေ အပိုဒ်(၈၆)နှင့် အညီ အောက်ပါအချက်များအား ပါဝင်မှု ရှိ/မရှိ၊ စိစစ်ပြီး လုပ်ငန်းစာတွဲအား ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့ ထံတင်ပြရမည်-

(၁) လျှောက်ထားမြေသည် အနည်းဆုံးလိုအပ်သော ပမာဏ ဖြစ်/မဖြစ်

(၂) ပတ်ဝန်းကျင်တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းထိခိုက်မှု ရှိ/မရှိ

(၃) ရေသွင်း၊ ရေထုတ်စနစ်များ ထိခိုက်မှု ရှိ/မရှိ

(၄) အများပြည်သူလမ်းများ လယ်ယာထုတ်ကုန်လမ်းများအား ထိခိုက်မှု ရှိ/မရှိ

(၅) လျှောက်ထားသည့်နည်းလမ်းအတိုင်း သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်မည့် အခြေအနေ ရှိ/မရှိ

(၆) လျှောက်ထားသည့်နည်းလမ်းအတိုင်း အသုံးချမည်ဖြစ်ကြောင်း လျှောက်ထားသူကိုယ်တိုင်ဝန်ခံချက် ပါ /မပါ

(၇) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်

(ဂ) ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထပ်မံစိစစ်ပြီး သဘောထားမှတ်ချက်နှင့် အတူ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ ဆက်လက်တင်ပြရမည်။

(ဃ) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေနည်းဥပဒေအပိုဒ်(၈၇)နှင့် အညီ အောက်ပါအချက်များအားစိစစ်ပြီး လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ထံသို့လည်းကောင်း၊ လယ်မြေမှအပ အခြားလယ်ယာမြေ ဖြစ်ပါက ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း ဆက်လက်တင်ပြရမည်-

(၁) စာသင်ကျောင်းအဆောက်အဦမြေ

(ကက) သက်ဆိုင်ရာတိုင်းဒေသကြီးဦးစီးဌာန၏ သဘောထား မှတ်ချက်

(ခခ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထား မှတ်ချက်

( ဂ ဂ )    ပညာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

(၂) ကျန်းမာရေးဌာနဆေးရုံနှင့် ဆေးပေးခန်းအဆောက်အဦမြေ

(ကက)    သက်ဆိုင်ရာပြည်နယ်ဦးစီးဌာန၏ သဘောထားမှတ်ချက်

( ခ ခ )    ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

( ဂ ဂ )    အားကစားနှင့်ကျန်းမာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

(၃) သုသာန်မြေ

(ကက)    ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

(၄) သာသနာရေးအဆောက်အဦမြေ

(ကက) သက်ဆိုင်ရာသံဃာ့နာယကအဖွဲ့အဆင့်ဆင့်၏ သဘောထားမှတ်ချက်

( ခ ခ ) ပြည်နယ်သာသနာရေးဦးစီးဌာန၏ သဘောထားမှတ်ချက်

( ဂ ဂ ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

(ဃဃ) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

(၅) စက်သုံးဆီအရောင်းဆိုင်နှင့် ဆီသိုလှောင်ရုံအဆောက်အဦမြေ

(ကက) စွမ်းအင်ဝန်ကြီးဌာန၏ ခွင့်ပြုကြောင်း အထောက်အထားမှတ်ချက်

( ခ ခ ) ပြည်နယ်လျှပ်စစ်ဓါတ်အားပေးဖြန့်ဖြူးရေးလုပ်ငန်း၏ သဘောထားမှတ်ချက်

( ဂ ဂ ) ပြည်နယ်မီးသတ်ဦးစီးဌာန၏ သဘောထားမှတ်ချက်

(ဃဃ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

(၆) မွေးမြူရေးနှင့်ရေလုပ်ငန်း

(ကက) သက်ဆိုင်ရာပြည်နယ်ဦးစီးဌာနများ၏ သဘောထားမှတ်ချက်

( ခ ခ ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

(၇) အိမ်ယာမြေ

(ကက) ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သဘောထားမှတ်ချက်

( ခ ခ ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

( ဂ ဂ ) ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

(၈) ဆန်စက်နှင့်ဂိုဒေါင်၊ သီးနှံသိုလှောင်ရုံ၊ လယ်ယာသုံးပစ္စည်း အရောင်းဆိုင်မြေ

(ကက) သက်ဆိုင်ရာပြည်နယ်ဦးစီးဌာနများ၏ သဘောထားမှတ်ချက်

( ခ ခ ) စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

( ဂ ဂ ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

(၉) စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုဇုန်များ၊ အခြားတည်ဆောက်ရေး လုပ်ငန်းများ

(ကက) သက်ဆိုင်ရာပြည်နယ်ဦးစီးဌာနများ၏ သဘောထားမှတ်ချက်

( ခ ခ ) သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

(၁၀) ကုန်စုံဆိုင်၊ စားသောက်ဆိုင်လုပ်ငန်းများ

(ကက) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

( ခ ခ ) ပြည်နယ်ကျန်းမာရေးဦးစီးဌာန၏ သဘောထားမှတ်ချက်

(၁၁) ဓါတ်သတ္တုမြေ

(ကက) သက်ဆိုင်ရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်

( ခ ခ ) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ သဘောထားမှတ်ချက်

၃။ **ခွင့်ပြုမိန့်ထုတ်ပေးခြင်း**

(က) အခြားနည်းအသုံးပြုရန် လျှောက်ထားမြေသည်-

(၁) လယ်မြေဖြစ်ပါက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ခွင့်ပြုမိန့်ပုံစံ(၁၅) **(ပူးတွဲ-၄)** ထုတ်ပေးပါမည်။

(၂) လယ်မြေမှတပါး လယ်ယာမြေဖြစ်ပါက ပြည်နယ်အစိုးရအဖွဲ့က ခွင့်ပြုမိန့်ပုံစံ (၁၅-က) **(ပူးတွဲ-၅)** ထုတ်ပေးပါမည်။

၄။ **ကြပ်မတ်ခြင်း**

(က) လယ်ယာမြေဥပဒေပုဒ်မ(၃၀)အရ အခြားနည်းအသုံးပြုရန် ခွင့်ပြုချက်ရရှိပြီး နောက် အောက်ပါအခြေအနေတစ်ရပ်ရပ်တွင်-

(၁) ခွင့်ပြုသည့်နေ့ရက်မှ (၆)လအတွင်း လယ်ယာမြေကို သတ်မှတ်သည့် နည်းလမ်းအတိုင်း စတင်အသုံးမပြုခြင်း၊

(၂) သတ်မှတ်ကာလအတွင်း လုပ်ငန်းပြီးစီးမှုမရှိခြင်း၊ ဗဟိုလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သည် ယင်းလယ်ယာမြေကို ပြန်လည်သိမ်းယူ နိုင်သည်။ (လယ်ယာမြေ ဥပဒေပုဒ်မ-၃၁)

( ခ) နေပြည်တော်ကောင်စီ သို့မဟုတ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခွင့် ပြုထားသည့် လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များကို ကွင်းဆင်းစစ်ဆေးစေပြီး ယင်းစစ်ဆေးတွေ့ရှိချက်ကို ဓါတ်ပုံမှတ်တမ်း များနှင့်အတူ လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုခြင်းအခြေအနေ

စိစစ်တွေ့ရှိချက်(ပုံစံ-၁၆)ဖြင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ (၆)လ (ခြောက်လ)တစ်ကြိမ် တင်ပြရမည်။